# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 15, 2020 Volume 35, Number 11


**၁၅.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၂၄/- ကျပ် |
| CBM Rate | = ၁၃၂၀.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၀.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၀၁.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၆.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၉၃၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၃၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ထက်ဝက်ခန့်လျော့နည်းသွားပြီး ဈေးမြင့်လာ



COVID-19 ကပ်ရောဂါကြောင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားပြီး ကုန်စည်ပို့ဆောင်ခများလည်း မြင့်တက်လာသည်ဟု မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်မိုးက ပြောသည်။ ရပ်ကွက်၊ ကျေးရွာများတွင် COVID-19 ကပ်ရောဂါတားဆီးထိန်းချုပ်ရန် အသွားအလာကန့် သတ်မှုကြောင့် ယာဉ်မောင်းရှားပါးခြင်း၊ တိုင်းနှင့်ပြည်နယ်အချို့၏ အစားထိုးယာဉ်မောင်းလဲလှယ်မောင်းနှင်ရမည့်စနစ်ကြောင့် လက်ရှိကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ကျဆင်းလာသည်။

ရန်ကုန်-မန္တလေး ကုန်စည်ပို့ဆောင်ခသည် ဒုတိယအကြိမ် COVID-19 ကပ်ရောဂါ မဖြစ်မီက တစ်တန်လျှင် ကျပ် ၁၇,၀၀၀ မှ ကျပ် ၁၈,၀၀၀ အကြား ဈေးရှိခဲ့သော်လည်း လက်ရှိတွင် ကျပ် ၂၅,၀၀၀ ဈေးရှိနေသည်။ "အခုဈေးနှုန်းက ပွင့်လင်း ရာသီဈေးနှုန်း လိုပဲ။ ရုတ်တရက်ထိုးတက်သွားတာမျိုးမရှိပါဘူး" ဟု ဦးအောင်မိုးက ပြောကြားသည်။ မိုးရာသီကာလ ပုံမှန်အခြေအနေတွင် ရန်ကုန်တိုင်းမှ မန္တလေး၊ ရောဝတီစသည့် တိုင်းများသို့ ကုန်တင်ယာဉ်အစီးရေ ၁,၂၀၀ ကျော် ထွက်လေ့ရှိသည်။ လာမည့်လများသည် ပွင့်လင်းရာသီဖြစ်ပြီး သီးနှံပေါ်ချိန်ဖြစ်သောကြောင့် ကုန်စည်ပို့ ဆောင်ရေး လုပ်ငန်းများ ပြန်လည်အားကောင်းလေ့ရှိပြီး နှစ်စဉ်ပွင့်လင်းရာသီတွင် ကုန်စည်ပို့ဆောင်ခများ မြင့်တက်လေ့ရှိသဖြင့် အခွင့်လမ်းကောင်းကို မျှော်လင့်နိုင်သည်ဟု ဦးအောင်မိုးကပြောသည်။

လက်ရှိတွင် မန္တလေးတိုင်း၌ ကုန်တင်ယာဉ်များ ပိတ်ဆို့မှုဖြစ်နေပြီး ကုန်စည်စီးဆင်းမှု ယာယီတုံ့ဆိုင်းခဲ့သည်။ မန္တလေးတိုင်းအစိုးရက ရန်ကုန်နှင့် ရခိုင်ပြည်နယ်မှလာသော ကုန်တင်ယာဉ်များကို ယာဉ်မောင်းလဲလှယ်ပြီးမှ ဝင်ခွင့်ပြုသည်။ ကျန် တိုင်းနှင့်ပြည်နယ်များသို့ ကုန်စည်ပို့ဆောင်ရန် မန္တလေးကို ဖြတ်သန်းသွားမည့် မော်တော်ယာဉ်

များကို ယာဉ် လမ်းကြောင်းများသတ်မှတ်ခွင့်ပြုထားသည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းမှ ရန်ကုန်သို့သွားမည့် ကုန်တင်ယာဉ်များကို တံတားဦးဘက်မှတစ်ဆင့် ဖြတ်သန်းရန်၊ ချင်းပြည်နယ်၊ မကွေးတိုင်းမှလာသော ကုန်တင်ယာဉ်များကို ပခုက္ကူ၊ ကျောက်ပန်းတောင်း လမ်းမှတစ်ဆင့် ရန်ကုန်ကိုဖြတ် သန်းသွားရန် စသည်ဖြင့် ခွင့်ပြုထားသည်။ ထို့အပြင် ရန်ကုန်မှအထက်တိုင်းနှင့်ပြည်နယ်များသို့ သွားရောက်မည့် ကုန်တင်ယာဉ်များကိုလည်း အလာလမ်းကြောင်းအတိုင်း ဖြတ်သန်းခွင့်ပြုသည်။

**Source:** https://7day.news/detail?id=199091

## ပြည်တွင်းစား ဆန်စျေးတက်သော်လည်း အရန်ဆန်ထုတ်ရောင်းခြင်းကြောင့် ဆန်ကြမ်းစျေးတည်ငြိမ်နေ

ပြည်တွင်းစားဆန်များ စျေးအနည်းငယ်တက်သော်လည်း အစိုးရက အရန်ဆန်များ ထုတ်ရောင်းပေးနေခြင်းကြောင့် ရန်ကုန်စျေးကွက်တွင် ပြည်ပတင်ပို့သည့် ဆန်ကြမ်းများ စျေးနှုန်းတည်ငြိမ်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။ COVID-19 ကပ်ရောဂါ တစ်ကျော့ပြန်ကူးစက်မှု မြင့်တက်လာချိန် ဆန်ဝယ်ယူစုဆောင်းသူအချို့ကြောင့် ပေါ် ဆန်းအပါအဝင် ပြည်တွင်းစားသုံးသည့် ဆန်ကြမ်းအမျိုးအစားများ စျေးအနည်းငယ်တက်သည်။

ပေါ်ဆန်းကဲ့သို့ ဆန်ချောများက လက်ကားစျေးကွက်တွင် ပျမ်းမျှတစ်အိတ်လျှင် ကျပ် ၂,၀၀၀ ခန့်စျေးတက်သကဲ့သို့ ပြည်တွင်းစားဆန်ကြမ်းများက တစ်အိတ်လျှင် ကျပ် ၃,၀၀၀ စျေး မြင့်တက်သည်။ လက်ကားစျေးကွက်တွင် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၂၇,၀၀၀ မှ ကျပ် ၃၀,၀၀၀ သို့ စျေးမြင့်တက်သည်။ "ဆန်အသစ်ပေါ်ခါနီးမှာ ဆန်ဟောင်းက စျေးတက်လေ့ရှိတယ်။ ဆန်ဝယ်စုသူတွေလည်းရှိတော့ စျေးကနည်းနည်းတက်တယ်။ ဒါပေမဲ့ ပထမအကြိမ်တုန်းကလို ဝယ်လိုအား နှစ်ဆ၊ သုံးဆ တက်သွားတာ မျိုးမရှိဘူး" ဟု ဦးသန်းဦးက ပြောသည်။

အစိုးရက အရန်ဆန်အဖြစ်ဝယ်ယူသိုလှောင်ထားသော ၂၅ မှတ်ဆန်များကို အိတ်ရေ လေးသိန်းကျော်မှငါးသိန်းအကြား ရောင်းချပေးရန်စီစဉ်နေ၍ စျေးကွက်မှ ဆန်ဝယ်လိုအားလျော့နည်းနေခြင်းဖြစ်သည်။ ဆန်ကုမ္ပဏီများက အစိုးရ၏ အရန်ဆန်အိတ်ရေ နှစ်သိန်းခန့်ဝယ်ယူရန် လျှောက်ထားသည်။ COVID-19 ကပ်ရောဂါထိန်းချုပ်ရေးကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အခက်အခဲအနည်းငယ်ရှိသော်လည်း ရန်ကုန်စျေးကွက်သို့ ယခုရက်ပိုင်းအတွင်း ပဲခူးတိုင်း အနောက်ခြမ်းနှင့် ဧရာဝတီတိုင်းမှ ဆန်အသစ်များ စတင်ဝင်လာသည်ဟု ဘုရင့်နောင်မှ ဆန်ပွဲရုံပိုင်ရှင်အချို့ကပြောသည်။ လက်ရှိ ရန်ကုန်စျေးကွက်သို့ဝင်လာသည့် ဆန်သစ်များမှာ တစ်အိတ်လျှင် ကျပ် ၂၄,၀၀၀ စျေးဖွင့်သည်။ မိုးစပါးစတင်ရိတ်သိမ်းချိန်တွင် စပါးစျေးနှုန်းသည် တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းစျေးဖွင့်သည်။

**Source:** https://7day.news/detail?id=199092

## COVID-19 ရောဂါပိုးကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CNG အရောင်းဆိုင် ထက်ဝက်ခန့်ပိတ်မည်




COVID-19 ရောဂါပိုးကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CNG အရောင်းဆိုင် ထက်ဝက်ခန့် ပိတ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက သိရသည်။

COVID-19 ရောဂါပိုးကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CNG အရောင်းဆိုင် ၄၁ ဆိုင်အနက် ၂၁ ဆိုင်သာ ဖွင့်လှစ်မည်ဖြစ်ပြီး ကျန်ရှိသည့် CNG အရောင်းဆိုင် ၂၀ အား ယာယီအရောင်းပိတ်မည်ဖြစ်သည်။ CNG ၄၁ ဆိုင်အနက် ၂၁ ဆိုင်သာ ရောင်းချမှုအား စက်တင်ဘာ ၁၆ ရက်မှ စတင်ပြီး နံနက် ၆ နာရီမှ ည ၆ နာရီအထိသာ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ "ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ကျွန်တော်တို့စီကို အသိပေးပါတယ်။ အဓိကကတော့ ကျွန်တော်တို့ အများပြည်သူသွားလာမှု၊ အရင်တုန်းက ၄၁ ဆိုင် ၁၆ နာရီဖွင့်လှစ်တဲ့ ဆိုင် ၃၅ ဆိုင်၊ ၈ နာရီက ၆

ဆိုင်ဖွင့်ပြီးတော့ ပိတ်ရက်မရှိ ရောင်းပေးခဲ့တယ်လို့ပြောတယ်။ နောက်တစ်ခုက အခုပြည်တွင်း၊ ပြည်ပနိုင်ငံများမှာ COVID-19 ရောဂါကြောင့် အများပြည်သူခရီးသွားလာမှု နည်းပါးသွားတယ်။ တကယ်လဲနည်းသွားတယ်။ အဲဒီတော့ CNG သဘာဝ ဓာတ်ငွေ့သုံးစွဲမှုမှာ သူတို့ရဲ့ စာရင်းအရ ခုနစ်ရက်အတွင်းမှာ ၅၀ ရာခိုင်နှုန်းလောက်လျော့သွားပြီ နောက်တစ်ခုက COVID-19 ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရန် ဌာနလက်ရှိ ဝန်ထမ်းတွေလဲ ၅၀ ရာခိုင်နှုန်းပဲ တာဝန်ထမ်းဆောင်ရတော့မယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့ဆိုင်လေးတွေကို လက်ရှိ ၂၁ ဆိုင်ကို နံနက် ၆၊ ည ၆ ဖွင့်မယ်လို့ ကျွန်တော်တို့ YRTA ကို အကြောင်းကြားထားပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

CNG ရောင်းချပေးမည့်ဆိုင်များသည် အင်းစိန်၊ အလုံ-၁၊ ကျိုက္ကလို့၊ သာကေတ-၁၊ ဒဂုံမြို့သစ်၊ ဘုရင့်နောင်၊ ပုလဲ၊ လှိုင်သာယာ၊ တညင်းကုန်း၊ အလုံ-၂၊ ဒရုံအရှေ့-၁၊ ကြည့်မြင်တိုင်၊ သန်လျင်-၁၊ မင်္ဂလာတောင်ညွန့်တို့ ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒဂုံဆိပ်ကမ်း၊ ပါရမီ၊ လှော်ကား၊ လှိုင်သာယာ-၂၊ ရွှေပြည်သာ-၂၊ တောင်ဥက္ကလာ၊ ထောက်ကြန့် CNG အရောင်းဆိုင်များကို နံနက် ၆ နာရီမှ ည ၆ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/192392

## ကိုဗစ်ကာလအတွင်း ကုန်ပစ္စည်းများ ဈေးတင်မရောင်းရန် အစိုးရထပ်မံသတိပေး



ကိုဗစ်ကာလအတွင်း၌ အခြေခံစားသောက်ကုန်ဈေးနှုန်းများ၊ ကျန်းမာရေးသုံးပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမပြုရန် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အစိုးရက ထပ်မံသတိပေးထားသည်။ ကိုဗစ်ရောဂါ စတင်ဖြစ်ပွားခဲ့သည့် မတ်လအတွင်းက ကုန်ဈေးနှုန်းများ မတက်စေရန် ပထမအကြိမ်အဖြစ် သတိပေးခဲ့ပြီး ယခုထပ်မံ၍ သတိပေးခြင်းဖြစ်သည်။ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား အစရှိသည်တို့နှင့် ဆေးဝါးနှင့်ကျန်းမာရေးသုံးပစ္စည်းများ ဈေးတင်ရောင်းချမှုများကို စစ်ဆေးရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ညွှန်ကြားထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက "မတ်လကနေ အခုချိန်ထိ ဈေးတက်ရောင်းလို့ တိုင်တာ၂၇ မှု လောက်ရှိတယ်။ တရားစွဲဆိုတဲ့ အဆင့်ထိတော့မရောက်ဘူး။ လိုအပ်လို့ ဥပဒေကို ရှင်းပြတယ်။ ပုံမှန်ဈေးနဲ့ ရောင်းဖို့ပြောပြတယ်။ ဒဏ်ရိုက်တာတို့ ဘာတို့တော့မရှိဘူး။ တိုင်ကြားတာကို စစ်ဆေးတာ ဖြစ်တယ်" ဟု လုပ်ဆောင်သည့် အခြေအနေကိုရှင်းပြသည်။ တိုင်ကြားခံရသည့်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနရှိ အရာရှိများက စုံစမ်းစစ်ဆေးရာတွင် ကျန်းမာရေးအကာအကွယ်သုံး Mask နှင့် ပတ်သက်သည့် ဈေးတင်ရောင်းချခြင်း၊ အရည်အသွေးနှင့် ပတ်သက်သည်များကို အများဆုံး တိုင်ကြားသည်ဟု ၎င်းကပြောသည်။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန် ပစ္စည်းများကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) သတ်မှတ်ထားသောကြောင့် ယင်းတို့ကို ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း သို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ပါက ဥပဒေပုဒ်မ ၅ အရ အရေးယူခံရမည်ဖြစ်သည်။

အဆိုပါ ဥပဒေကို ဖောက်ဖျက်ပါက ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ရမည့်အပြင် ကျပ် ၅ သိန်းနှင့် မပိုသော ဒဏ်ငွေလည်း ချမှတ်ခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဥပဒေအရအရေးယူမှုနှင့် ပတ်သက်၍ ဦးဆွေတင့်ကြူးက "မြန်မာနိုင်ငံမှာ တခုခုဆိုရင် အာဏာကုန်လုပ်စေချင်ကြတယ် ဖမ်းဆီးထောင်ချပေါ့နော်။ ဒါပေမယ့် ဒါက အဖြေမဟုတ်ပါဘူး။ အဓိက စားသုံးသူရေးရာ ဥပဒေပြဋ္ဌာန်းတဲ့ရည်ရွယ်ချက်က ဈေးကွက်ထဲမှာ စားသုံးသူ တည်တည်ငြိမ်ငြိမ်နဲ့ အလွယ်တကူရရှိဖို့ ရည်ရွယ်ပြီး လုပ်ခဲ့တာပါ။ တွေ့သမျှ အကုန်ဖမ်းထောင်ချဖို့ ရည်ရွယ်ချက်နဲ့လုပ်ခဲ့တာ

မဟုတ်ပါဘူး" ဟုဆိုသည်။ ထို့ကြောင့် ဦးစီးဌာနအနေဖြင့် ဈေးကွက်ထဲရှိ သင့်တင့်မျှတသော အရည်အသွေး၊ ဈေးနှုန်းနှင့် ရရှိစေရန်သာ လုပ်ဆောင်ပေးကာ၊ လက်ရှိတွင် Mask တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို လိုအပ်သည့် အကူအညီများပေးခြင်းတို့ လုပ်ဆောင်နေသဖြင့် ယခုလို ကိုဗစ်ကူးစက်မှုနှုန်း မြင့်တက်နေသည့်အချိန်တွင်ပင် ထိုပစ္စည်း ဈေးနှုန်းများ သိသိသာသာ ဈေးခုန်တက်ခြင်းမရှိကြောင်း ၎င်းကပြောဆိုသည်။

ထို့ပြင် လက်ရှိတွင် အစိုးရက အရေးကြီးကုန်စည်ဖြစ်သော ဆန်နှင့်ဆီတို့ကို အရန်ဝယ်ယူထားကာ ပြည်သူများလိုအပ်ပါက ဖြန့်ဝေပေးရန်အတွက် စီစဉ်ထားကြောင်း၊ ထို့ပြင် စားသောက်ကုန်များမှာလည်း ပြည်တွင်း၌ လုံလောက်သည့် အနေအထား ရှိသည့်အတွက် ဈေးနှုန်းအဆမတန်မြင့်တက်ခြင်းမရှိကြောင်း ဦးဆွေတင့်ကြူးကဆိုသည်။ အစိုးရအနေနှင့် နိုင်ငံတော်အရန်ဆန် တန်ချိန် ၅ သောင်းနှင့် အရန်စားအုန်းဆီ တန်ချိန် ၁၂၀၀၀ ကျော်ကို တိုင်းနှင့်ပြည်နယ်များသို့ ဖြန့်ဝေပေးထားသည်။ ကိုဗစ်စတင်ဖြစ်ပွားခဲ့သည့် မတ်လအတွင်းက စီးပွား/ကူးသန်းဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အတိုင်း လုပ်ငန်းရှင်များအနေနှင့် အရေးကြီးကုန်စည်များနှင့်ပတ်သက်၍ အမြတ်ကြီးစား မဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော် ခြင်းများ ကို ဆက်လက်ပြုလုပ်နေသည်ဟုလည်း ဦးဆွေတင့်ကြူးကဆိုသည်။ "မတရားဈေးတင်ရင်တော့ အရေးယူမယ်လို့ပြောနေ တာလည်းရှိပါတယ်" ဟု ၎င်းက ရွှေဝတီသို့ပြောဆိုသည်။

သို့သော် ပြည်တွင်းဆန်ဈေးနှုန်းများမှာ လက်ရှိတွင် ပြည်ပတင်ပို့သည့်အခြေအနေများနှင့် ကိုဗစ်ဒုတိယလှိုင်းအတွင်း ဆန်ဝယ်စုသည့်သူ များနေခြင်းကြောင့် ဈေးအနည်းငယ်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း အတွင်းရေးမှူး ဦးအောင်မြင့်ကဆိုသည်။ ဦးအောင်မြင့်က "ပြီးခဲ့တဲ့ တပတ်၊ နှစ်ပတ်လောက်ကထက် ပြည်တွင်းဆန်ဈေးတွေ နည်းနည်း တက်ပါတယ်။ တအိတ်ကို ၅ ရာခိုင်နှုန်း ကနေ ၁၀ ရာခိုင်နှုန်းကြားအထိတက်ပါတယ်။ အကြမ်းရော၊ အချောရော ပြည်တွင်းစားတဲ့ ဆန်တွေတက်တာ။ တအိတ် ကျပ် ၂၅၀၀၀ လောက်ရှိတဲ့ ဆန်ဆိုရင် ကျပ် ၁၅၀၀ နဲ့ ၂၅၀၀ ကြားလောက် တက်သွားတယ်" ဟု ဈေးကွက်အခြေအနေကို ရွှေဝတီသို့ ပြောသည်။

ပြည်တွင်းစားသုံးမှုကို အဓိကထား လက်လီ၊ လက်ကားရောင်းချပေးနေသည့် ဝါးတန်းလမ်း ကုန်စည်ဒိုင်၏ အခြေအနေကို ဆန်ကုန်သည်လည်းဖြစ်သူ ဦးအောင်မြင့်က "အခုရက်ပိုင်းက အဝယ်လည်း ဒိုင်မှာနည်းနည်းသွက်နေတယ်။ ဆန်အဝင်ကျတော့ နည်းနည်းကျဲသွားတယ်" ဟုပြောသည်။ ဝါးတန်းလမ်းကုန်စည်ဒိုင်သို့ တရက်လျှင် ဆန်ပုံမှန်အိတ်ရေ ၅ သောင်းမှ ၆ သောင်း ဝန်းကျင်အဝင်ရှိပြီး ယခု ကိုဗစ်ကူးစက်မှု မြင့်တက်လာသည့် ရက်ပိုင်းအတွင်း ဝင်ရောက်မှု အနည်းငယ်လျော့ကျနေကြောင်း သိရသည်။

မြန်မာနိုင်ငံက စားအုန်းဆီ တင်သွင်းသည့် နိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံတို့ကလည်း ယနေ့အချိန်ထိ ပုံမှန် စားအုန်းဆီ စက်ရုံများ လည်ပတ်လျက်ရှိပြီး ယခု စက်တင်ဘာလ ၁၂ ရက်မှ ၃၀ ရက်အထိ စားအုန်းဆီ (တန်ချိန် ၅၀၀၀၀) ကျော် မြန်မာနိုင်ငံသို့ ရောက်ရှိမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက ကြေညာထားသည်။ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ကြူက "ဆီက ထုတ်ပြန်ထားတဲ့အတိုင်းပါပဲ။ ကုန်ကားတွေ ဝင်ရောက်နိုင်မှုကတော့ ကျနော်တို့ညှိလို့မရဘူး။ သူ့တိုင်းနဲ့ ပြည်နယ်က တားတာဆိုတော့ သူတို့နဲ့ပဲဆိုင်တယ်။ ဒါကြောင့် ဆိုင်ရာကို ကုန်သည်စက်မှုအသင်းချုပ်ကနေတဆင့် ပြောပေးဖို့ညှိနှိုင်းထားတယ်။ ကုန်စည်စီးဆင်းမှုလမ်းကြောင်းပိတ်ရင် ဈေးကစားတာတွေ ဖြစ်လာနိုင်တယ်။ သွင်းတဲ့အပိုင်းကတော့ ကျနော်တို့ လုံလုံလောက်လောက်သွင်းထားပါတယ်" ဟု ပြောသည်။

လက်ရှိ ကုန်ကားများကို ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ချိန်းခိုင်းခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှု ကြန့်ကြာကာ ဈေးနှုန်းမြင့်တက်ခြင်းများ မဖြစ်စေရေးအတွက် အခက်အခဲများကိုလည်း ဆီအသင်းအနေဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) သို့ တင်ပြထားကြောင်းသိရသည်။ တာမွေမြို့နယ်နေ ဒေါ်သန်းသန်းက "ပထမတကြိမ် ကိုဗစ်ကာလတုန်းကတောင် Mask ဈေးတွေ အဆမတန်တက်သွားတာတို့၊ အခြေခံစားသောက်ကုန်ဈေးတွေ နည်းနည်းတက်သွားတာတို့ ကြုံရသေးတယ်။ အခုတကြိမ်မှာတော့ Mask ဈေးတွေ အရမ်းတောင်ကျနေတယ်။ အခု ၅၀ ပါ ၁ ဗူးဆိုရင်တောင် ၁၃၀၀ လောက်နဲ့တင်ရနေတယ်။ စားသောက်ကုန်ဈေးတွေလည်း သိသိသာသာတက်တာမတွေ့ရဘူး။ တချို့ ကုန်တွေဆို ပြည်ပပို့မရလို့ ဈေးတွေတောင် နည်းနည်းကျနေတာရှိသေးတယ်" ဟုဆိုသည်။

လက်ရှိတွင် ပြည်တွင်း၌ စားနပ်ရိက္ခာ လုံလောက်မှုရှိသော်လည်း ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားမှု ကန့်သတ်ချက်များ၏ အခြားတဖက်တွင်လည်း ကုန်စည်စီးဆင်းမှု လွယ်ကူလျှင်မြန်စေသည့်အချက်များကို ထည့်သွင်းစဉ်းစားကာ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း လုပ်ငန်းရှင်များက ပြောဆိုကြသည်။

**Source:** https://burma.irrawaddy.com/news/2020/09/14/229875.html

## မော်တော်ယာဉ်သုံး ရေနံဓာတ်ငွေ့ရည် (LPG) အရောင်းဆိုင်များ စတင်ဖွင့်လှစ်ခွင့်ပြုမည်

မော်တော်ယာဉ်သုံး ရေနံဓာတ်ငွေ့ရည် (LPG) အရောင်းဆိုင်များဖွင့်လှစ်ခွင့်ပြုမည်ဖြစ်၍ လိုင်စင်လျှောက်ထားနိုင်ကြောင်း မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းက စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်သည်။ မော်တော်ယာဉ်သုံး ရေနံဓာတ်ငွေ့ရည် ဖြည့်တင်းဖြန့်ဖြူးရောင်းချရေးလိုင်စင် (Automobile LPG station) အဖြစ် ထုတ်ပေးမည်ဖြစ်ပြီး ထိုလိုင်စင်ကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ထောက်ခံမှုဖြင့် လျှောက်ထားနိုင်မည်ဖြစ်သည်။ လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများလျှောက်ထားနိုင်ပြီး ဆိုင်ဖွင့်လှစ်မည့်နေရာ အကျယ်၊ သိုလှောင်ကန်နှင့် အဆောက်အအုံဒီဇိုင်းများ တင်ပြရမည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် LPG ကို မီးဖိုချောင်သုံးဓာတ်ငွေ့ရည်အဖြစ် ၂၀၁၆ တွင် စတင်ရောင်းချခွင့်ပြုပေးခဲ့ပြီး မော်တော်ယာဉ်များတွင် အသုံးပြုရန်ဝန်ကြီးဌာနက ၂၀၁၈ ကတည်းက စီစဉ်ခဲ့သည်။ LPG သည် ဓာတ်ဆီထက် ဈေးသက်သာပြီး CNG ထက် ပမာဏများများ ပိုသိုလှောင်နိုင် သည်။ CNG သည် ကားများတွင် ဓာတ်ငွေ့အဖြစ်ဘူးအတွင်းသိုလှောင်ရပြီး LPG က အရည်အဖြစ် သိုလှောင်ရခြင်းဖြစ်သည်။ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကျေးလက်နှင့်မြို့ပြမီးဖို ချောင်သုံးကဏ္ဍတို့၌ ရေနံဓာတ်ငွေ့ရည် (LPG)ကို မဟာဗျူဟာမြောက် စွမ်းအင်အဖြစ်အသုံးပြုနိုင်ရန် မျှော်မှန်းဆောင်ရွက်နေကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားထားသည်။

LPG ကို နိုင်ငံအတွင်း ကျယ်ပြန့်စွာသုံးစွဲနိုင်ပါက လျှပ်စစ်ဓာတ်အားသုံးစွဲမှုလျှော့ချနိုင်ပြီး ထင်းမီးအစားသုံးစွဲနိုင်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သစ်တောပြုန်းတီးမှုလျှော့ချနိုင်ရန်ဖြစ်သည်ဟုဆိုသည်။ ဝန်ကြီးဌာနက ၂၀၁၈ တွင် အိမ်ထောင်စုတစ်သိန်းခွဲသို့ LPG ဖြန့်ဖြူးပြီး ၂၀၂၀ တွင်အိမ်ထောင်စုတစ်သန်းအထိ ဖြန့်ဖြူးနိုင်ရန်ရည်မှန်းထားသည်။ ဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် LPG ရောင်းချခြင်းကို ၂၀၁၇ ဒီဇင်ဘာကုန်တွင် ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုနှင့် ရတနာကုမ္ပဏီအား စတင်ခွင့်ပြုခဲ့သည်။

**Source:** https://7day.news/detail?id=199090

## လားရှိုးမြို့၌ ပေါ်ဦးပေါ်ဖျား ကမ္ဘလာသီးများ ဈေးကောင်းသော်လည်း ရောင်းအားပုံမှန်သာရှိ



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သစ်သီးဝလံအရောင်းဆိုင်များသို့ ယခုရက်ပိုင်းအတွင်း ကမ္ဘလာသီးများထွက်ရှိလာပြီးပေါ်ဦးပေါ်ဖျား ဈေးကောင်းသော်လည်း ရောင်းအားမှာ ပုံမှန်အတိုင်းပဲရှိကြောင်း သစ်သီးအဝယ်ဒိုင်ပွဲရုံမှသိရသည်။ "အခုထွက်ရှိလာတဲ့ ကမ္ဘလာသီးတွေက သီပေါမြို့နယ် တာလုံကျေးရွာကထွက်ရှိတဲ့ အသီးတွေပါ။ ပေါ်ဦးပေါ်ဖျားဖြစ်လို့ ဒီနှစ်ကတော့ ဈေးအနည်းငယ်ပိုရတယ်။ အရွယ်အစားအလိုက် တစ်ပိဿာကို ငွေကျပ် ၅၀၀၊ ၈၀၀ နဲ့ အကြီးတစ်ပိဿာကိုငွေကျပ် ၁၂၀၀ ရှိပါတယ်။ အရင်နှစ်ကထက်တော့ ဈေးပိုရပါတယ်။ လောလောဆယ်တော့ ဘယ်မှလည်းပို့လို့မရဘဲ မြို့တွင်းမှာပဲ လက်ကားရောင်းတဲ့ဆိုင်တွေကို ဖြန့်ဖြူးရောင်းချပေးနေပါတယ်။ အသီးကတော့ ၁၁ လပိုင်းလောက်ဆိုရင်လှိုင်လှိုင်ထွက်ပါတယ်။ အလုံးလုရင်တော့ တစ်နေ့ကို ပိဿာချိန် ၁၅၀၀ ကနေ ၂၀၀၀ လောက်အထိ ရောင်းရပါတယ်။ ဒီနှစ်သီးနှံပေါ်ချိန် COVID-19 ရောဂါကလည်းဖြစ်နေတော့ ပုံမှန်ပဲရောင်းရပါတယ်"ဟု မြို့မဈေးကြီးရှိ ကိုအောင်သစ်သီးပွဲရုံမှပြောသည်။

ဒေသတွင်းနှစ်ရှည်သီးနှံစိုက်ပျိုးသူများအနေဖြင့် ရာသီအလိုက်သီးနှံများပေါ်ထွက်ချိန်တွင် ဝင်ငွေများရရှိနေသော်လည်း သီးနှံလှိုင်လှိုင်ထွက်ချိန်မိုးရွာသွန်းမှုများရှိပြီး ပျက်စီးမှုကိုတော့ စိုးရိမ်နေကြကြောင်းနှင့် ဒေသတွင်းနှစ်ရှည်သီးနှံများဖြစ်သည့် လိမ္မော်သီး၊ ကမ္ဘလာသီး၊ လိုက်ချီးသီး၊ နာနတ်သီးပင်များကို ဒေသနှင့်ကိုက်ညီသည့်အတွက် စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/1820

## ကိုဗစ်– ၁၉ ဂယက်ကြောင့် တစ်ပိုင်တစ်နိုင်ဘဲမွေးလုပ်ငန်းများတွင် ဘဲဥဈေးနှုန်းကျဆင်းလာ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျောင်းတော်ရာဒေသတွင် နွေစပါးများ ရိတ်သိမ်းပြီးသည့် ရိုးပြတ်များကြားတွင် တစ်ပိုင်တစ်နိုင် ဘဲမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရာ ဘဲဥဈေးနှုန်းမှာ ကိုဗစ်–၁၉ ဂယက်ကြောင့် ယခင်နှစ်ကထက် လျော့နည်းလာကြောင်း ဘဲမွေးမြူရေး လုပ်ကိုင်သူများထံမှ သိရသည်။ လယ်ကိုင်းဒေသက လယ်ပိုင်ရှင်၏ ခွင့်ပြုချက်ဖြင့် ထိုင်းဘဲမျိုးအကောင်ရေ၃၀၀၀ ကို လယ်တစ်ကေခွဲအတွင်း ခြံခတ်၍ မွေးမြူထားရာ တစ်ရက်လျှင် ဘဲဥ ၂၇၀၀ မှ ၂၈၀၀ အထိ ရရှိပြီး ဘဲဥဈေးကျဆင်းနေမှုကြောင့် အကျိုးအမြတ်အနည်းနေကြောင်း ဘဲမွေးမြူရေးလုပ်ကိုင်သူ ကိုမင်းယုနိုင်ကပြောသည်။ ၎င်းမှာ ယခင်က ရွှေဘိုမြို့နယ်တွင် ဘဲမွေးမြူသူဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးနှင့်ဈေးကွက်အတွင်းစားသုံးသူများ အလွယ်တကူရရှိနိုင်ရန် ပွင့်ဖြူမြို့နယ်အတွင်းရေများပေါများသော လယ်ကွက်များသို့ ရွှေ့ပြောင်းမွေးမြူခြင်းဖြစ်ကြောင်းပြောသည်။ "အခုဒီကို လာမွေးတာက တစ်လလောက်ရှိဦးမယ်။ လယ်ရိတ်တဲ့ အချိန်တွေလာရောက်မွေးတာပါ။ ဒီကိုလာရောက်ပြီး ဘဲမွေးရတာကလည်း ဒုက္ခရောက်လို့ ရောက်လာတာပဲ။

ကျွန်တော်တို့ အရင်နေတာက ရွှေဘိုမှာ ဘဲမွေးတာ။ ကျွန်တော်တို့မန္တလေး၊ ရွှေဘိုဘက်မှာ မနှစ်ကစပြီး မိုးခေါင်တာ စိုက်ပျိုးရေးက ဖြစ်ထွန်းအောင်မြင်မလာဘူး။ အဲဒီမှာ ကျွန်တော်တို့ ဘဲကမွေးလို့မရဘူး။ အဲဒါကြောင့် ဒီဘက်ကို ရွှေ့ပြောင်း ရောက်လာတာပါ"ဟု ပြောသည်။၂၀၁၉ ခုနှစ်က ဘဲဥလက်ကားဈေးမှာ တစ်လုံးလျှင် ကျပ် ၁၈၀ အထိ ရောင်းချခဲ့ရ သော်လည်း ယခုနှစ်တွင် ကိုဗစ်ဂယက်နှင့်လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိခြင်းကြောင့် တစ်လုံးလျှင် လက်ကားဈေး ၁၄၅ ကျပ်ဖြင့်သာ မကွေး၊ အောင်လံ၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချရကြောင်းသိရသည်။ "ဘဲဥဈေးနှုန်းတင်ကျတာ မဟုတ်ပါဘူး။ ဘဲအကောင်ဈေးလည်း ကျတာပဲ။မနှစ်ကဆိုရင် ဘဲတစ်ကောင် ကျပ် ၆၅၀၀ ရှိတယ်။ အခုနှစ်မှာဘဲတစ်ကောင်ကို ကျပ် ၃၅၀၀ လောက်ရှိတယ်။ ဘဲမွေးမြူရေး လုပ်တယ်ဆိုတာလည်း အခြေခံလူတန်းစား မိသားစုစားဝတ်နေရေးအလုပ်ပါပဲ။ ကျွန်တော်တို့ ဒေသမှာ မိုးခေါင်လို့ ရေရရှိရာဒေသနဲ့ စပါးခင်းတွေ ရိတ်သိမ်းပြီးတဲ့အထဲ ရွှေ့ပြောင်းမွေးမြူရေးလုပ်တာပါ။ စပါးခင်းတွေ ပြန်စိုက်မယ်ဆိုရင် ကျွန်တော်တို့ပြောင်းရွှေ့ပြီး လုပ်ကိုင်ပေးပါမယ်"ဟု ၎င်းကပြောသည်။

ဘဲမွေးမြူရေးလုပ်ငန်းများကို မန္တလေး၊ ရွှေဘိုနှင့်ရန်ကုန်တို့တွင် အများဆုံးမွေးမြူလုပ်ကိုင်ကြပြီး မကွေးတိုင်း ဒေသကြီး အတွင်း၌ လုပ်ကိုင်သူနည်းပါးကြောင်းသိရသည်။ ပွင့်ဖြူမြို့နယ် စံပြကျေးရွာက ကိုဖိုးအောင်က"အရင်က ကျွန်တော်တို့ စံပြရွာမှာ ဘဲမွေးမြူရေးလုပ်တာရှိတယ်။ ဘဲမွေးမြူရေးလုပ်ကိုင်လို့ အဆင်ပြေအောင်မြင်လာတဲ့အခါ ဘဲအစာတို့၊ ဘဲဈေးအနံ့တွေကြောင့် ပတ်ဝန်းကျင်က တိုင်ကြတော့ နောက်မလုပ်ကြတော့ဘူး။ သူ့အလုပ်ကလည်း ကျေးရွာတို့၊ အနီးပတ်ဝန်းကျင်တို့နဲ့ သီးခြား လုပ်ကိုင်ရတဲ့ အလုပ်တစ်ခုဖြစ်တယ်" ဟုပြောသည်။ ဘဲအကောင်ရေ ၁၀၀၀၀ နှင့် ဘဲစာအတွက် ဖွဲနု၊ ပုစွန်အမှုန့်၊ ငါးခြောက်အမှုန့်၊ ဆန်ကွဲစသည့် အစာအရင်းအနှီးတို့မှာ ကျပ်သိန်း ၆၀ ခန့်ရင်းနှီးရပြီး ဘဲဥဈေးသင့်တင့်စွာရရှိလျှင် အဆင်ပြေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/

## ဆီတန်ချိန် ၇၆၀၀၀ ကျော်တင်သွင်းမည်ဖြစ်၍ စားသုံးဆီအတွက်စိတ်မပူရန် အသင်းမှထုတ်ပြန်

စားသုံးဆီပြတ်လပ်မှုမရှိစေရန် စက်တင်ဘာလအတွင်း တန်ချိန် ၇၆၀၀၀ ကျော်တင်သွင်းမည်ဖြစ်ပြီး အလွန်အကျွံဝယ်ယူစုဆောင်းခြင်းမပြုရန်နှင့် ဈေးတင်မရောင်းရန် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ ထုတ်ပြန်ကြေညာလိုက်သည်။ နိုင်ငံတော်အရန်ရိက္ခာဖြစ်သည့် အရန်ဆီတန်ချိန် ၁၂၀၀၀ ကျော်ကို ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ပို့ဆောင်ဖြန့်ဖြူးထားပြီး မလေးရှား၊ အင်ဒိုနီးရှား စသည့်နိုင်ငံများ မှ တင်ပို့သည့် စားသုံးဆီများသည် စက်တင်ဘာလအတွင်း တန်ချိန် ၇၆၆၀၀ ကျော်ရောက်ရှိမည်ဖြစ်ကြောင်းသိရသည်။

ယင်းပမာဏများအနက် စက်တင်ဘာ ၁ ရက်မှ ၁၁ ရက် အတွင်း ၂၆,၆၀၀ ဒသမ ၂၅ တန် ရောက်ရှိပြီးဖြစ်ကာ စက်တင်ဘာ ၁၂ ရက်မှ ၃၀ ရက်အတွင်း တန်ချိန် ၅၀,၀၀၀ကျော် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူကပြောသည်။ "ရောင်းရမယ့်ဈေးကို ကုန်စည်စီးဆင်းမှု အခက်အခဲအကြောင်းပြပြီး ဈေးမတက်ဖို့ရယ်၊ ပြီးတော့ ဆီတင်သွင်းသူတွေအနေနဲ့ ဘယ်လောက်ရှိနေပါတယ်လို့လည်း အသိပေးပါတယ်။ ဒါကြောင့် စိုးရိမ်မလွန်ဖို့ တိုက်တွန်း လိုပါတယ်"ဟု ၎င်းကပြောသည်။

စားသုံးဆီပါအဝင် ကုန်ဈေးနှုန်းဟန်ချက်ပျက်စေသည့် သတင်းမှားများမဖြန့်ဝေရန်နှင့် စားသုံးဆီရောင်းဝယ်သူများကလည်း တည်ငြိမ်သည့်ဈေးနှုန်းဖြစ်စေရေး ဝိုင်းဝန်းကူညီရန် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ တိုက်တွန်းထားပြီး မြန်မာနိုင်ငံတွင် လက်ရှိအချိန်ထိ နှစ်စဉ်ပြည်ပ စားအုံးဆီတန်ချိန် တစ်သန်းခန့်တင်သွင်းနေရပြီး ပြည်တွင်းဆီထုတ်လုပ်မှုအတွက် မြေဧက ၉ သန်းရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/fifthwavenews/

## ပြည်ပမှ ပြောင်းတင်သွင်းခွင့် ကန့်ကွက်ထား




ပြောင်းစိုက်တောင်သူများကို ထိခိုက်နိုင်သည့်အတွက် ပြည်ပမှ ပြောင်းတင်သွင်းခွင့်အား ကန့်ကွက်ထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းမှသိရသည်။ လက်ရှိပြည်တွင်း၌ ပြောင်းရှားပါးချိန်ဖြစ်နေသဖြင့် ပြည်တွင်းရှိ တိရစ္ဆာန်အစာထုတ် စက်ရုံလုပ်ငန်းရှင်များက အစေ့ထုတ်ပြောင်းကို ပြည်ပမှ ပြန်လည်တင်သွင်းခွင့်ပြုရန် အစိုးရကိုတင်ပြထားရာ အစိုးရက မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်း၏ သဘောထားမှတ်ချက်ကို တောင်းခံထားရာ အသင်းက ပြည်ပက အဆိုပါတင်သွင်းခွင့်ကို ကန့်ကွက်ထားခြင်းဖြစ်ကြောင်း အဆိုပါအသင်း အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းကပြောသည်။

"တင်သွင်းခွင့်ပြုရင် ပြောင်းစိုက်တောင်သူတွေကိုထိခိုက်နိုင်တဲ့အကြောင်း စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို သဘောထားမှတ်ချက်ပို့ထားတယ်။ ပြည်တွင်းအစာ စပ်လုပ်ငန်းရှင်တွေကလည်း အခုချိန် အခက်အခဲရှိတော့ ပြည်ပကတင်သွင်းဖို့ တင်ပြကြတယ်။ ဒါပေမယ့် တကယ်လို့ တင်သွင်းရင်တောင် ဒီကိုရောက်ဖို့က အချိန်တစ်ခုပေးရဦးမယ်။ အခုလည်း မကြာခင် ရှမ်းတောင်၊ မြောက်နဲ့ကယားမှာ ရှမ်းပြောင်းတွေကပေါ်တော့မယ်။ ပြောင်းရှားတဲ့အချိန်က တကယ်တမ်း ရက်၆၀လောက်ပဲရှိပါတယ်။ ထိုင်းက အခုပြောင်းအဝယ် ငါးလပိတ်ထားပြီး ဒီနှစ်ကုန်ပိုင်း ပြန်ဝယ်တဲ့အချိန် မြန်မာနိုင်ငံက ပြောင်းထွက်ချိန်မှာ ပြောင်းက ပြည်တွင်းပိုလျှံတဲ့အပြင် ကုန်သည်တွေကတောင် ထိန်းထားရသေးတယ်။တင်သွင်းလာရင် ပြည်တွင်းပြောင်းဈေးကွက် ထိခိုက်ပြီး တောင်သူတွေကိုပါ ထိခိုက်နိုင်တဲ့အတွက် ကန့်ကွက်ထားပါတယ်"ဟု၎င်းကပြောသည်။

လက်ရှိ ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းတန်ချိန် ၂ ဒသမ၃ သန်းနှင့် ၂ ဒသမ ၆ သန်းကြားထွက်ရှိနေပြီး ပြည်တွင်းစားသုံးမှု ၁ ဒသမ ၃ သန်းသာရှိကာ ပိုလျှံပမာဏကို ပြည်ပသို့တင်ပို့နေသည့်အတွက် ပြည်တွင်း၌ ပြောင်းလုံလောက်မှုရှိနေသည်။ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၂၀၂၀ပြည့်နှစ် ဩဂုတ် ၁၄ ရက်အထိ ပြောင်းဖူးစေ့ တန်ချိန်၂ ဒသမ၁ သန်းကျော်တင်ပို့ထားပြီး တန်ဖိုးအမေရိကန်ဒေါ်လာသန်း ၃၆၀ကျော် ရှိခဲ့သောကြောင့် ယခုနှစ်တွင် ယခင်နှစ်ကထက် တန်ချိန် ၈သိန်းခန့်

ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ မြန်မာပြည်တွင်းပြောင်းပေါ်ချိန် သြဂုတ်လမှစတင်ကာ မြဝတီနယ်စပ်တွင် သိုလှောင်ထားပြီး ထိုင်းနိုင်ငံက တင်ခွင့်ပေးသည်နှင့်ချက်ချင်း တင်ပို့နိုင်ခဲ့သောကြောင့် ယခုနှစ်ပြောင်းတင်ပို့မှု ကောင်းခဲ့ပြီး ပြည်တွင်းပြောင်းဈေးလည်းကောင်းမွန်ခဲ့သည်။

အခြားတစ်ဖက်တွင်လည်း တရုတ်နိုင်ငံသို့လည်းတရားဝင် ပြောင်းတင်ပို့နိုင်ရန် နိုင်ငံအဆင့်ညှိနှိုင်းမှုများဆောင်ရွက်နေပြီး၊ မကြာခင်တင်ပို့ခွင့်ရရှိလာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူက ပြောသည်။

**Source: The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

## ညောင်ရွှေမြို့နယ်၌ ငါးသားပေါက်များ နေရာအရောက် ဖြန့်ဖြူးပေးအပ်

ကိုဗစ်-၁၉ ကာလအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ (CERP) စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်အရ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ညောင်ရွှေမြို့နယ်အတွင်းရှိ ထောက်ပံ့ပေးအပ်ရန်ကျန်ရှိနေသေးသည့် ငါးမွေးတောင်သူများအား ၎င်းတို့၏ နေရာအရောက် ဖြန့်ဖြူးပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး ဦးကျော်သီဟထွေးနှင့် တာဝန်ရှိသူများက ညောင်ရွှေမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများ၏ နေရာအရောက်သွားရောက်၍ ငါးမွေးမြူရေးတောင်သူ ၂၈ ဦး၏ ငါးမွေးမြူရေးကေစုစုပေါင်း ၁၇၅ ဒသမ ၁၁ ကေအတွက် ငါးမြစ်ချင်းသားပေါက်၊ ငါးခုံးမသားပေါက်၊ ရွှေဝါငါးကြင်းသား ပေါက်၊ မြက်စားငါးကြင်းသားပေါက် စုစုပေါင်းငါးသားပေါက်ကောင်ရေ ၃၅၀၂၂၀ အား ဖြန့်ဖြူးထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/cucumber_market

https://www.facebook.com/TheMirrorDaily/

## မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအား လိုအပ်ချက်များကူညီဆောင်ရွက်ပေး



ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် တစ်နိုင်ငံလုံး၌ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း ကေတစ်သိန်း စိုက်ပျိုးခဲ့ပြီး အဆိုပါစိုက်ကွင်းများ၌ မျိုးစေ့ထုတ်လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ညောင်ပင်သာအုပ်စု ရွှေဒါးကျကျေးရွာ တောင်သူဦးကြည်ခိုင်၏ ဆင်းသုခ (RS to Cs) မျိုးစေ့ထုတ်စိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

နည်းပညာပေးကွင်းဆင်းရာတွင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဆူးလေကုန်းကွင်းကြီးကြပ် တာဝန်ခံ ဦးကျော်သူရထွန်းနှင့် ညောင်ပင်သာအုပ်စု ချောင်းမနားအုပ်စုကွင်း ကြီးကြပ်တာဝန်ခံ ဦးအောင်ကျော်သူတို့က ရွှေဒါးကျကျေးရွာ ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်းများတွင် ဓာတ်မြေဩဇာ အချိန်ကိုက်အချိုးကျသုံးစွဲရန်၊ မျိုးကွဲပယ်ခြင်း၊ ပိုးမွှားရောဂါကင်းထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များကို တောင်သူများအား နည်းပညာများပြောကြားသည်။

အလားတူ သဘာဝပိုးသတ်ဆေး၊ မှိုသတ်ဆေးပြုလုပ်သုံးစွဲနည်းများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများနှင့် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို ဆွေးနွေးပြောကြားသည်။ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီများလိုအပ်ပါက ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် စိုက်ပျိုးရေး Call Center ဖုန်းနံပတ်များ၊ အွန်လိုင်းလိပ်စာများကို ပေးအပ်ခဲ့ကြကြောင်းသိရသည်။ **Source:** https://www.facebook.com/TheMirrorDaily/

## သခွားစိုက်ပျိုးချိန်ရောက်ရှိနေသော်လည်း ဈေးကွက်ချင့်ချိန်စိုက်ပျိုးနေရ

သခွားစိုက်ပျိုးချိန်သို့ ရောက်ရှိနေသော်လည်း တောင်သူများမှာ ဈေးကွက်ချင့်ချိန် စိုက်ပျိုးနေရကြောင်းသိရသည်။ စိုက်ဖို့ပျိုးဖို့ဟာကို ကိုဗစ်ကြောင့်စဉ်းစားနေရတယ်။ သခွားသီးစိုက်မလို့ အစတုန်းက မြေပြင်ထားတာ။ အခုတော့ စဉ်းစားနေရတယ်လေ။ စိုက်ဖို့စဉ်းစားနေရတာက ကိုဗစ်ကာလဖြစ်နေတော့ ပုံမှန်လို ဈေးကွက်မကောင်းမှာကို စိုးရိမ်မိလို့ပါ။ ကျွန်တော်တို့ဆီက သခွားသီးတွေက မင်းဘူး၊ မကွေးတို့ကိုတင်ပို့ပြီး၊ အဲ့ဒီကနေမှတစ်ဆင့် ရခိုင်ပြည်နယ်ကို တင်ပို့ရတာကြောင့်ပါ။ တို့စားတဲ့ သခွားသီးကိုပြောတာပါဟု မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်မှ တောင်သူ ကိုဟန်ဇော်သက်ကပြောသည်။

ကာလတိုဖြင့် ဝင်ငွေပြန်လည်ရရှိနိုင်သည့် သခွားသီးစိုက်ပျိုးရေးမှာ တွက်ချေကိုက်သဖြင့် ခရမ်းချဉ်၊ ခရမ်းသီးစသည့် စားဖိုချောင်သီးနှံစိုက်ပျိုးသည့် တောင်သူများမှာ တွဲဖက်စိုက်ပျိုးလေ့ရှိကြသည်။ ပုံမှန်အတိုင်းဆိုရင်တော့ သခွားက ဈေးကွက် တစ်လုံး ၄၀ ကျပ် နဲ့ ၇၀ ကျပ် ကြားဈေးရှိတယ်။ စိုက်ပြီး နှစ်လသားလောက်ဆိုခူးလို့ရတယ်။ စိုက်ပျိုးချိန်အစအဆုံးမှာ တစ်ပင်ကိုပျမ်းမျှ ၁၅ လုံးခူးလို့ရရင် စိုက်ပျိုးသင့်တယ်လေ။ ကုန်ကျစရိတ်က နည်းပညာတွေကွာတော့ ကုန်တာချင်းမတူဘူး။ ဟင်းသီးဟင်းရွက်စိုက်တဲ့တောင်သူဆိုတော့ သီးနှံစုံအောင် သခွားကိုလည်းစိုက်တာပါ။ သခွားနဲ့ခရမ်းချဉ်အမြဲစိုက်တယ်။ သခွားက ကာလတိုနဲ့ငွေရတယ်။ မပျိုးဘဲ တိုက်ရိုက်စိုက်လို့လည်းရတယ်ဟု ကိုဟန်ဇော်သက်က ဆက်လက်ပြောသည်။ သခွားစိုက်ပျိုးရာတွင် တစ်ဧကလျှင် အပင်ရေ ၈,၀၀၀ မှ ၁၀,၀၀၀ ကြားဝင်ဆန့်ပြီး၊ ရေပေးနိုင်ပါက နှစ်ပတ်လည်စိုက်ပျိုး နိုင်ကြောင်း သိရသည်။

**Source:** https://greenwaymyanmar.com/posts/cucumber_market

## ညောင်ဦးမြို့နယ် ကွမ်းစိုက်တောင်သူများ ကိုဗစ် – ၁၉ ရောဂါ စတင်ချိန်မှစ၍ ကွမ်းရွက်ဈေးနှုန်းကျဆင်းနေ



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကွမ်းစိုက်တောင်သူများ ကိုဗစ် – ၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ပြီး ကွမ်းရွက်ဈေးနှုန်းများကျဆင်းကာ ကွမ်းစိုက်တောင်သူများ အခက်အခဲများနှင့်ကြုံတွေ့နေရကြောင်း သစ်ထောင့်ကျေးရွာ ကွမ်းစိုက်တောင်သူ ဦးရန်နိုင်ထွန်းက ပြောသည်။ ကွမ်းရွက်ဈေးနှုန်းများ ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ဖေဖော်ဝါရီလ၊ မတ်လမှ စတင်ကာ ကွမ်းရွက်ဈေးနှုန်းများ တစ်ပိဿာ ၂၀၀၀ ကျပ်သာ ရောင်းချခဲ့ရကြောင်း၊ ကွမ်းခြံတစ်ခြံ စိုက်ပျိုးစရိတ်ကုန်ကျမှုသည် အရင်းအနှီးများလွန်းကာ ကွမ်းရွက်ပြန်ရောင်းချချိန် ဈေးနှုန်းနည်းလွန်းခြင်းကြောင့် ညောင်ဦးမြို့နယ် ကွမ်းစိုက်တောင်သူများ အခက်ခဲများနှင့် ကြုံတွေ့နေရကြောင်းသိရသည်။ ကွမ်းစိုက်ပျိုးရာတွင် ကရိကထအလွန်များကာ နေပူလွန်းလျှင်မကြိုက်၊ မိုးများလျှင်မကြိုက် အရိပ်စင်ဆောက်ကာမိုးပြီး စိုက်ပျိုးရခြင်းဖြစ်ကြောင်း နေရ၊ လေရကိုလည်း ကြိုက်နှစ်သက်သည့်အပင်အမျိုးအစားဖြစ်ကာ ကွမ်းစိုက်ပျိုးချိန်တိုင်ထောင်၊ အရိပ်မိုး၊ မြောင်းဘောင်တန်းစနစ်ဖြင့် စိုက်ပျိုးရပြီး ကွမ်းခြံအား အရိပ်တကြည့်ကြည့်နေရသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြောင်း ဦးရန်နိုင်ထွန်းကရှင်းပြသည်။

ထွက်ရှိလာသည့် ကွမ်းရွက်များအား ပခုက္ကူဈေးကွက်သို့လည်းကောင်း၊ ညောင်ဦးကွမ်းဈေးကွက်သို့ ပို့ကာရောင်းချရကြောင်း၊ စားကွမ်းတစ်ပိဿာ ၁၅၀၀ ကျပ်သာရောင်းချရပြီး၊ ကွမ်းရွက်ပယ် ကွမ်းရွက်များအား ၇၀၀ ကျပ်သာရောင်းချရကြောင်း၊ ညောင်ဦးမြို့နယ်အတွင်းစိုက်ပျိုးသည့် ကွမ်းစိုက်တောင်သူအများစုသည် ကွမ်းနုဝါသာအများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။ ကွမ်းခြံတစ်ခြံစိုက်ပျိုးကြရာတွင် ကွမ်းခြံစိုက်ကေအကျယ်အဝန်းပေါ်မူတည်ကာ ပိုက်စိမ်း စဝယ်ယူမိုးရခြင်း၊ ဝါးများဝယ်ယူရခြင်း၊ ပလပ်စတစ်ကြိုး၊ ထန်းလျှော်၊ သွပ်နန်းကြိုး၊ သစ်ကိုင်းအခက်များ၊ မြောင်းဘောင်တင်စနစ်ဖြင့် ရေသွင်းရပြီး ရွက်ဖျန်းဆေးစနစ်တကျသုံးစွဲရခြင်း၊ မြေဆီစရိတ်နှင့်ကွမ်းခြံပြုပြင်ဖို့ လုပ်သား/သမငှားရမ်းရခြင်း၊ ကွမ်းရွက်ခူးသမ ငှားရမ်းရခြင်းနှင့်အတူ ကွမ်ရွက်ဈေး တစ်ပိဿာ ၁၅၀၀ ကျပ်သာ ရောင်းချရခြင်းကြောင့် ကွမ်းစိုက်တောင်သူများ ကိုဗစ် – ၁၉ ရောဂါ ကာလအတွင်း အခက်အခဲများနှင့် ရင်ဆိုင်တွေ့ကြုံနေရကြောင်းသိရသည်။

**Source:** https://www.moi.gov.mm/iprd/news/10800

## ဘရပ်ဆဲလ်လေဆိပ်၌ ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှုအစီအစဉ် ၁၃၅ ယူရိုအထိကျသင့်မည်

ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်လေဆိပ်၌ ခရီးသွားများအတွက် ရွှေ့လျားကိုရိုနာဗိုင်းရပ် ဓါတ်ခွဲစစ်ဆေးမှုသည် ယူရို (၆၇) မှ ယူရို (၁၀၀) ကျော်အထိ ကျသင့်မည်ဖြစ်ကြောင်း၊ အဆိုပါ ဓါတ်ခွဲခန်းအနေဖြင့် swab (သို့မဟုတ်) PCR test နှစ်မျိုးကို စစ်ဆေးပေးနိုင်ပြီး ပုံမှန်စစ်ဆေးမှု အတွက် ၆၇ ယူရိုနှင့် အမြန်စစ်ဆေးမှုအတွက် ၁၃၅ ယူရို ကျသင့်မည်ဟု လေဆိပ်မှ press release ထုတ်ပြန်ထားကြောင်း၊ ထုတ်ပြန်ချက်အရ အမြန်စစ်ဆေးခြင်းအတွက် ရလဒ်ကို အချိန် (၃) နာရီ အတွင်းရရှိနိုင်ပြီး၊ ပုံမှန်စစ်ဆေးမှုအတွက် စစ်ဆေးချက်ရလဒ်ရရှိရန် အချိန် (၉) နာရီခန့် ကြာမြင့် မည်ဖြစ်ကြောင်း သိရသည်။


အန္တရာယ်ရှိနိုင်ချေမြင့်မားသည့် အနီရောင်ဇုန်မှ ပြန်လည်ဝင်ရောက်လာသည့် ခရီးသွားများသည် ဘရပ်ဆဲလ် လေဆိပ်သို့ ဆိုက်ရောက်ချိန်တွင် ချက်ချင်းစစ်ဆေးနိုင်ပြီး၊ လေဆိပ်မှထွက်ခွာမည့်ခရီးသွားများလည်း စစ်ဆေးနိုင်မည်ဖြစ်သည်။ Covid-19 ရောဂါလက္ခဏာမရှိသည့် ခရီးသည်များကိုသာ အဆိုပါရွှေ့လျားဓါတ်ခွဲခန်း၌စစ်ဆေးခြင်းကို ခွင့်ပြုသွားမည်ဖြစ်ပြီး၊ ခရီးသွားများ အနေဖြင့် စစ်ဆေးရန်အတွက် အွန်လိုင်းမှတစ်ဆင့်ကြိုတင်၍ book လုပ်နိုင်မည်ဖြစ်ကြောင်းလည်းသိရသည်။

အဆိုပါ ရွှေ့လျားဓါတ်ခွဲခန်းကို ဘရပ်ဆဲလ်လေဆိပ်ရှိ ထွက်ခွာခန်းမ (departure hall) ၏ အပြင်တွင် ထားရှိသွားမည်ဖြစ်ပြီး၊ စက်တင်ဘာလအတွင်း လုပ်ငန်းစတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဗိုင်းရပ်စ်ပိုးတွေ့ရှိသည့် ခရီးသွားများအား လေဆိပ်မှထွက်ခွာစေမည်ဖြစ်ပြီး၊ ၎င်းတို့၏ သက်ဆိုင်ရာလေကြောင်းလိုင်းများနှင့်လိုက်ပါခွင့်အား ငြင်းပယ်ခံရမည် ဖြစ်ကြောင်းနှင့် ပိုးတွေ့လူနာနှင့်ပတ်သက်၍ သက်ဆိုင်ရာကျန်းမာရေးအာဏာပိုင်အဖွဲ့များထံသို့ အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** ဘရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## ဂျပန်နိုင်ငံ၏ ပထမနှင့်ဒုတိယသုံးလပတ်ကာလအတွက် စီးပွားရေးအခြေအနေ




သုံးလပတ်နှိုင်းယှဉ်သုံးသပ်ချက်အရ နိုင်ငံ၏ Real GDP မှာ ပြီးခဲ့သည့် သုံးလပတ် (ဧပြီ-ဇွန်)ကာလအတွင်း ၇.၈% ခန့်ကျဆင်းခဲ့ပြီး နှစ်စဉ်နှိုင်းယှဉ်သုံးသပ်ချက်အရမူ ၂၇.၈ % ခန့် ကျဆင်းခဲ့ကြောင်း တွေ့ရပါသည်။ ဧပြီနှင့်မေလတို့၌ နိုင်ငံအတွင်း အရေးပေါ်အခြေအနေကြေငြာခဲ့သည့်အတွက် ပုဂ္ဂလိကစားသုံးမှုအပိုင်း တဆက်တည်းကျဆင်းနေခဲ့သည်ကိုတွေ့ရပြီး ဥရောပနှင့်အမေရိကန်ပြည်ထောင်စုတို့တွင် ပြည်ပနိုင်ငံများနှင့်ဆက်သွယ်မှု အဝင်/အထွက် ပိတ်ပင်တားမြစ်ခဲ့ခြင်းများကြောင့် ပို့ကုန်ကဏ္ဍ သိသိသာသာကျဆင်းခဲ့ပါသည်။ Nominal GDP အနေဖြင့်လည်း သုံးလပတ်နှိုင်းယှဉ်သုံးသပ်ချက်အရ ၇.၄ % ကျဆင်းခဲ့ပြီး သုံးလပတ်ကာလ ၃ ကြိမ်ဆက်တိုက်ကျဆင်းခဲ့သည့် ပမာဏဖြစ်ကြောင်းသိရပါသည်။ ဂျပန်နိုင်ငံ၏ စီးပွားရေးသည် အခြားသောနိုင်ငံအများစုနည်းတူ ဧပြီ-မေလအတွင်း အလွန်ကျဆင်းခဲ့ပြီးနောက် ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် ပြန်လည်မြင့်တက်လာခဲ့ပါသည်။

**Source: The Cabinet Office of Japan, The Ministry of Economy, Trade and Industry**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## ကိုဗစ်ကာလဖြစ်သော်လည်း ၂၀၂၀ ခုနှစ်၊ ပထမ(၆)လပတ်အတွင်း စင်ကာပူသို့ ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လျက်ရှိ

စင်ကာပူနိုင်ငံသည် ကမ္ဘာ့စီးပွားရေးကျဆင်းနေသည့်ကာလမှာပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဆွဲဆောင်နိုင်ဆဲဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်၊ ပထမ(၆)လအတွင်း၌ လုပ်ငန်းများ၏ ပုံသေပိုင်ပစ္စည်းရင်းနှီးမြှုပ်နှံမှု (Fixed-Asset Investment) သည် စင်ကာပူဒေါ်လာ ၁၄.၃ ဘီလီယံရှိကြောင်းနှင့် ဤပမာဏသည် ၂၀၁၉ ခုနှစ် တစ်နှစ်လုံးတွင် ရင်းနှီးမြှုပ်နှံခဲ့ကြသော စင်ကာပူဒေါ်လာ ၁၅.၂ ဘီလီယံ၏ ၉၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရှိရပါသည်။

ထိုသို့ စင်ကာပူတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြသောလုပ်ငန်းများအနက် ဂျာမနီအခြေစိုက် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း "DB Schenker" သည် ဘောလုံးကွင်း (၇)ကွင်း အရွယ်အစားရှိသော ၅၅၀,၀၀၀ စတုရန်းပေ အကျယ်အဝန်းရှိသည့် (၅)လွှာသိုလှောင်ရုံကို တည်ဆောက်ရန်အတွက် စင်ကာပူဒေါ်လာ ၁၆၃ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ ယင်းသိုလှောင်ရုံမှာ စင်ကာပူရှိ ၎င်းကုမ္ပဏီပိုင် အဆောက်အဦများအနက် ၁၃ ခုမြောက်ဖြစ်ကာ မှတ်ဉာဏ်တု (AI)၊ အချက်အလက်စိစစ်မှုနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အလုပ်အကိုင်ပေါင်း ၂၅၀ ကျော်ကို ခန့်အပ် သွားမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံ၊ ပေကျင်းအခြေစိုက် ဗွီဒီယိုမျှဝေသည့်အပလီကေးရှင်း "TikTok" ပိုင်ရှင် ဖြစ်သော နည်းပညာကုမ္ပဏီ "ByteDance" သည်လည်း လာမည့်(၃)နှစ်အတွင်း စင်ကာပူတွင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့သွားရန်နှင့် လက်ရှိ စင်ကာပူတွင် ဝန်ထမ်းအင်အား ၄၀၀ ခန့်ရှိရာမှ ဝန်ထမ်းများတိုးချဲ့ခန့်အပ်သွားရန် ပြင်ဆင်လျက်ရှိကြောင်း၊ မရေရာမှုများရှိသော လက်ရှိကာလအတွင်းမှာပင် ကမ္ဘာအနှံ့မှ ကုမ္ပဏီများသည် အာရှနှင့်နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရန်အတွက် စင်ကာပူရှိ လုပ်ငန်းကဏ္ဍအသီးသီးတွင် ၎င်းတို့၏လုပ်ငန်းများကို ဆက်လက်တိုးချဲ့ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိခြင်းတို့သည် စင်ကာပူနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအပေါ် အားပေးပံ့ပိုးမှု၊ တရားဥပဒေစိုးမိုးမှု၊ နိုင်ငံတကာနှင့်ချိတ်ဆက်မှု ကွန်ရက် ကောင်းမွန်ခြင်း၊ ကျွမ်းကျင်လုပ်သားများရရှိနိုင်ခြင်းစသည့် အချက်များကြောင့်ဖြစ်ပါကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနအောက်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ (Economic Development Board – EDB) ၏ ဒုတိယဥက္ကဋ္ဌ Kiren Kumar က ပြောကြားခဲ့ပါသည်။

**Source:** The Straits Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

## STOCK EXCHANGE (15.9.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th Sep. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,900 | 1,181 | 11,691,900 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,750 | 3,750 | 3,700 | 2,048 | 7,587,700 | 38,929,150 | 144,038 |
| MCB | 00003 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 201 | 1,588,000 | 10,400,986 | 82,168 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 5 | 110,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 30 | 81,000 | 12,823,224 | 34,623 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 21 | 64,350 | 19,977,223 | 61,929 |

Home > Market Data > Market summary

## Market summary

As of 15th Sep. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 433.86 | -1.13 | -0.26% | 435.19 | 435.19 | 433.86 | 3,486 | 21,122,950 | 6 | 645,559 |

### Index chart




# Market Overview

As of 1:00 pm, 15th Sep. 2020

| MYANPIX | 433.86 ▼ 1.13 |
|---|---|
| Total Volume (shares) | 3,486 |
| Total Value (MMK) | 21 mil |
| Listed Company | 6 |
| Market Cap. (MMK) | 645,559 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 3,100 | ▲ 0 |